# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date -23/3/2022

### စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

**ကချင်ပြည်နယ်**

မတ်လ (၂၂) ရက်နေ့ ညနေ ၆ နာရီ၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြစ်ကြီးနားဂေါက်ကွင်းမှ လုံခြုံရေးတာဝန်ကျစစ်ကောင်စီတပ်ဖွဲ့ဝင် များကို ၄၀ မမ ဗုံးသီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းနောက်ည ၇ နာရီအချိန် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ဂိတ်ရှိ လုံခြုံရေးတာဝန်ကျ စစ်သားများအား ၄၀မမ ဗုံးသီးဖြင့် အမည်မသိအဖွဲ့မှ ပစ်ခတ်ခဲ့ကြောင်းသတင်းရရှိသည်။

**ကရင်နီ(ကယား)ပြည်နယ်**

၂၀၂၂ မတ်လ (၂၂) ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့မရဲစခန်းမှ ထွက်လာသော စကစတပ်သား ၃၀ ဦး ခန့်အား KNDF B-19 မှ ကင်းပုန်းဝပ်၍ တိုက်ခိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**ချင်းပြည်နယ်**

၂၀၂၂ မတ်လ (၂၃) ရက်နေ့ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ တွန်းဇံမြို့၊ အခြေခံပညာ အထက်တန်းကျောင်းတွင် စခန်းချထားသော စကစတပ်သား အင်အား (၂၀) ခန့်ကို PDF-Zolandနှင့် CDM(Siyin) ပူးပေါင်းတပ်မှ သွားရောက်တိုက်ခိုက်ရာ စကစတပ်သားများ ထိခိုက်သေဆုံးမှုကို မသိရသေးကြောင်း သတင်းရရှိသည်။

**စစ်ကိုင်းတိုင်း**

၂၀၂၂ မတ်လ (၂၃) ရက်နေ့ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ် ၊ ကျော်ကျေးရွာတွင် တပ်စွဲထားသော စကစတပ်သား (၁၀၀) ခန့်အား KLG PDF ၊ ရွှေသမင်မုဆိုး၊ ရွှေတြိဂံ PDF ၊ KPDF ကနီတပ်ရင်း (၂) ၊ TDPDF ၊ မြေဆိုးနှင့် ဒေသခံမဟာမိတ်အဖွဲ့များ ပူးပေါင်းတိုက်တိုက်ခဲ့ကြရာ စကစ တပ်သား (၈) ဦးကျဆုံးခဲ့ပြီး PDF ရဲဘော် (၂) ဦး ကျဆုံးခဲ့ကြောင်းနှင့် (၄) ဦး ကျည်ထိမှန်ခဲ့(မစိုးရိမ်ရ)ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၃) ရက်နေ့ စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ် ရွှေတောင်ဦးကုန်းမှ လာသော စကစ ကား (၁၇) စီးကို Unity Force monywa – UFM ၊ Brother Defense Force -BDF တို့က တိုက်ခိုက်ခဲ့ကြောင်း သတင်းရရှိသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

၂၀၂၂ မတ်လ (၂၃) ရက်နေ့၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ မုံရွာ-မန္တလေးကားလမ်းပိုင်းရှိ မအူဂိတ်အနီးရှိ စကစ တပ်သားများကို Monywa the Boys (မုံရွာခရိုင်၊ တပ်ရင်း-၂ အထူးကွန်မန်ဒိုတပ်ဖွဲ့) ၊ မုံရွာခရိုင် တပ်ရင်း (၂) တပ်ခွဲ (၃) ၊ Northwest Plains Revolutionary Force-NPRF (အနောက်လွင်ပြင် တော်လှန်ရေးအင်အားစု၊ God of Snake (Monywa) ၊ Yakhka Nyi Naung-Monywa ၊ Monywa Young People Group တို့ ပူးပေါင်း၍ ဝင်ရောက်ပစ်ခတ်ခဲ့ရာ စကစတပ်သား (၄) ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**<u>မကွေးတိုင်း</u>**

၂၀၂၂ မတ်လ (၂၀) ရက်နေ့ နှင့် (၂၁) ရက်နေ့ များတွင် မကွေးတိုင်း၊ ဆောမြို့နယ်၊ လောင်းရှည်ဒေသ လပို့တောင်ကြောမှ ခြေရာဖျောက် နေသည့် စကစစစ်ကြောင်းအား လောင်းရှည်-PDF ၊ The Youth Force (saw/kyauk htu)၊ဆော PDF၊ ဆိပ်ဖြူ PDF၊ စလင်း PDF နှင့် စွန်ရဲ တပ်ဖွဲ့ တို့မှ တာဝေးပစ် လက်လုပ် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ထိခိုက်ကျဆုံးမှုများ အတည်မပြုနိုင်သေး ကြောင်း သတင်းရရှိသည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

**ချင်းပြည်နယ်**

၂၀၂၂ မတ်လ (၁၈) ရက်နေ့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းသို့ စစ်ကြောင်းထိုးလာသော တပ်မ (၅၅) လက်အောက်ခံတပ်ဖွဲ့များသည် ခီတော်ရွာသို့ ဝင်ရောက်ကာ လူနေအိမ်များ၊ ဆေးဝါးများ၊ ကွန်ပျူတာ၊ ဆိုင်ကယ်၊ ဆိုလာပြားများနှင့် မီးစက်များကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သတင်းရရှိသည်။

**စစ်ကိုင်းတိုင်း**

၂၀၂၂ မတ်လ (၂၃) ရက်နေ့ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ် ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်၏ နေအိမ်အား စကစ မှ လာရောက်ချိတ်ပိတ်ခဲ့ကြောင်း သတင်းရရှိသည်။

**နေပြည်တော်**

၂၀၂၂ မတ်လ (၂၃) ရက်နေ့ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်တရားရုံးမှ KNCပါတီ ဥက္ကဋ္ဌ ဒေါက်တာ M Kawn La ကို ပုဒ်မ (၅၀၅-က) ဖြင့် ထောင်ဒဏ် (၂) နှစ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၃) ရက်နေ့ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်တရားရုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေအား ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) အမှုဖြင့် ထောင်ဒဏ် ၂ နှစ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

**မကွေးတိုင်း**

၂၀၂၂ မတ်လ(၂၃) ရက်နေ့ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ချောင်းကောက်ရွာနှင့် သာစည်ရွာများကို စကစ တပ်သားနှင့်ပျူစောထီး အင်အား ၁၀၀ ကျော်ပါ စစ်ကြောင်းက လိုက်လံမီးရှို့နေပြီး စစ်ဘေးရှောင် ပြည်သူများရှိရာအရပ်သို့ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်နေကြောင်း သတင်းရရှိသည်။

**မန္တလေးတိုင်း**

၂၀၂၂ မတ်လ (၂၃) ရက်နေ့ မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ သမန်းကုန်းအရှေ့ဘက်နားရှိ ရွာရှည်ရွာ တွင် စကစများဝင်ရောက် မွှေသွားခဲ့ကြောင်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ သလဲကုန်းရွာ၊ လက်ကောင်ရွာ၊ သန့်စင်ကုန်းရွာ၊ ဘိုတက်ကုန်း ရွာများတွင်လည်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ခြင်း၊ အဝင်အထွက်များကိုလည်း စစ်ဆေးခဲ့ခြင်း၊ လက်ကောင်းရွာကွက်သစ် ထဲတွင်လည်း ဒေ့ထောင်စု ဇယားနှင့် လူများကိုပါတိုက်စစ်ခဲ့ကြောင်း သတင်းရရှိသည်၊

**ရန်ကုန်တိုင်း**

၂၀၂၂ မတ်လ (၂၂) ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းရှိနေအိမ်ရှိ ဇေကမ္ဘာ ဦးခင်ရွှေနှင့် သားဖြစ်သူ ဦးဇေသီဟ တို့ကိုဖမ်းဆီး၍ အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ပြီး ဇေကမ္ဘာ ကုမ္ပဏီရုံးစိုက်သည့် မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၃ လမ်းဆုံအနီး ဇေကမ္ဘာဝန်းကို စကစမှ ယာယီချိတ်ပိတ်ကာ စကစလက်အောက်ခံရဲနှင့်စစ်သား အများအပြားဖြင့် လုံခြုံရေးချထားပြီး ဇေကမ္ဘာကုမ္ပဏီ၏ လုံခြုံရေးဝန်ထမ်းများကိုလည်း ဖမ်းဆီး ထိန်းသိမ်းထားကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၂) ရက်နေ့ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၃) ရပ်ကွက် စိန်ပန်းမြိုင် လမ်း၊ နေအိမ်တစ်လုံးတွင် နေထိုင်သူ ၆ ဦးကို စကစမှ ရိုက်နှက်ဖမ်းဆီးသွားကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၃) ရက်နေ့ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ၁၂ ရပ်ကွက် စက်မှုဝန်းတွင် နေထိုင်သည့် CDM ဝန်ထမ်း ၂၁ ဦး၏နေအိမ်အား စကစမှ ကားကြီး ၁ စီး၊ စကစလက်အောက်ခံ ရဲကား မီးတန်း ၁ စီး၊ အိမ်စီးကားများ (အင်အား ၁၅ ဦး ခန့်) ဖြင့် လာရောက်၍ မတ်လ ၂၄ရက် (၁၂:၀၀)နာရီအချိန်အမီ ဖယ်ရှားခိုင်းကြောင်းနှင့် မဖယ်ရှားပါက အင်အားသုံးဖယ်ရှားမည်ဖြစ်ကြောင်း၊ ဝန်းအတွင်းရှိ ကျူးကျော်များနှင့် ပင်စင်စား များကိုလည်း ဖယ်ရှားရန် ပြင်ဆင်ခိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**ဧရာဝတီတိုင်း**

၂၀၂၂ မတ်လ (၂၃) ရက်နေ့ ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်အခြေစိုက် ခလရ ၂၇ တပ်အနောက်ရှိ ပန်တပွတ် ချောင်းထိပ်တွင် စစ်ဆေးရေး ဂိတ်ဖွင့်၍ မြစ်ချောင်းတလျှောက် စက်လှေနှင့်သင်္ဘောများကို ယခုလဆန်းပိုင်းမှစ၍ စက်သုံးဆီ ၅ ဂါလံ တောင်းခံနေပြီး ဆီမပေးနိုင်ပါက ၅၀၀၀၀ ကျပ် တောင်းယူနေကြောင်း သတင်းရရှိသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*